# ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

**ခုံသမာဓိအဖွဲ့**

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်( ၂၅/၂၀၂၃ )

| | |
|---|---|
| ဒေါ်ဆောင်းသဇင်ပါ(၂)ဦး(အလုပ်သမား)<br>(၁၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။<br>၀၉-၆၈၁ ၆၆၄ ၇၀၅ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| Mr. Xu Peng Cheng (အလုပ်ရှင်)<br>ဒေါ်သဲစုအေး (HR Super)<br>(အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>Myanmar Lucky Phoenix International Co.,Ltd<br>(အထည်ချုပ်စက်ရုံ)၊ အမှတ်(၁၄၅)၊<br>ပြင်စည်မင်းသားကြီးလမ်း၊ ရွှေပြည်သာစက်မှုဇုန်(၃)၊<br>အင်းစိန်မြို့နယ်။<br>၀၉-၂၅၀ ၀၄၇ ၆၂၇ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ် (၁၄၅)၊ ပြင်စည်မင်းသားကြီးလမ်း၊ ရွှေပြည်သာ စက်မှုဇုန်(၃)ရှိ Myanmar Lucky Phoenix International Co.,Ltd (အထည်ချုပ်စက်ရုံ)၊ အလုပ်ရှင် Mr. Xu Peng Cheng နှင့် အလုပ်သမား ဒေါ်ဆောင်းသဇင်ပါ(၂)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

Scanned with OKEN Scanner

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

ကောက်ချက်။ အလုပ်သမား ဒေါ်ဆောင်းသဇင်ပါ(၂)ဦးအား နို့တစ်ကြေးနှင့် ကြားကာလနစ်နာကြေး ရထိုက်ခွင့် ရှိ / မရှိ ။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ အလုပ်သမား ဒေါ်ဆောင်းသဇင်ပါ(၂)ဦးသည် (၉-၁၀-၂၀၂၃)ရက်နေ့တွင် နေ့စားနေ့ရှင်း (Helper)အဖြစ် (အလုပ်ချိန် နံနက် ၀၇:၃၀ နာရီမှ ညနေ ၁၈:၀၀နာရီအထိ) ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး (၁၈-၁၀-၂၀၂၃)ရက်နေ့အထိ အလုပ်ဆင်းခဲ့ကြကြောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ (၁၆-၁၀-၂၀၂၃)ရက်နေ့တွင် စက်ရုံသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ အချိန်ပိုလုပ်ခ မရရှိခဲ့ကြောင်း ပြောကြားခဲ့သဖြင့် အချိန်ပိုကြေးများ ပြန်လည်ပေးချေခဲ့ရကြောင်း၊ (၁၉-၁၀-၂၀၂၃) ရက်နေ့တွင် စာရေးမမှ "မလာနဲ့တော့"ဟု ပြောသဖြင့် အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားမှုပြုခဲ့ကြရာ အလုပ်ရှင်မှ အလုပ်ပြန်လည်ခန့်ထားသော်လည်း ကြားကာလနစ်နာကြေး (၁၀)ရက်စာ တောင်းဆိုမှုအပေါ် အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းခုံသမာဓိအဖွဲ့သို့ လွှဲပြောင်း ပေးပို့လာသော အငြင်းပွားမှု ဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမား ဒေါ်ဆောင်းသဇင်မှ ထွက်ဆိုတင်ပြရာတွင် ဒေါ်ဆောင်းသဇင်ပါညီအစ်မ(၂)ဦးတို့သည် နေ့စားနေ့ရှင်း (Helper) အဖြစ် (၉-၁၀-၂၀၂၃)ရက်နေ့တွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း၊ နေ့စားခကို နေ့ချင်း/ ၂ရက်ပေါင်း/ ၄ရက်ပေါင်း စသည်ဖြင့် ရှင်းလင်းပေးကြောင်း၊ အလုပ်ချိန်အဖြစ် နံနက်(၀၇:၃၀)နာရီမှ ညနေ(၁၈:၀၀)နာရီအထိ သတ်မှတ်လုပ်ကိုင်စေခဲ့ကြောင်း၊ (၁၆-၁၀-၂၀၂၃)ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စက်ရုံသို့ ဝင်ရောက်စစ်ဆေးစဉ် အချိန်ပိုလုပ်ခကိစ္စမေးရာ မရရှိကြောင်း တင်ပြခဲ့မှုအပေါ် အချိန်ပိုကြေးများ ပြန်လည်ရရှိခဲ့ပါကြောင်း၊ ၎င်းတို့(၂)ဦးသည် (၉-၁၀-၂၀၂၃)ရက်နေ့မှ (၁၈-

၁၀-၂၀၂၃)ရက်နေ့အထိ အလုပ်ဆင်းခဲ့ကြပြီး (၁၉-၁၀-၂၀၂၃)ရက်နေ့တွင် စာရေးမမှ အလုပ်မလာရန် ပြောကြားသဖြင့် (၂၈-၁၀-၂၀၂၃)ရက်နေ့တွင် အင်းစိန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးရုံးသို့ တိုင်ကြားခဲ့ကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးတွင် (၂-၁၁-၂၀၂၃)၊ (၃-၁၁-၂၀၂၃)၊ (၄-၁၁-၂၀၂၃)၊ (၆-၁၁-၂၀၂၃)ရက်နေ့များတွင် ညှိနှိုင်းခဲ့ရာ အလုပ်ရှင်က အလုပ် ပြန်လည်ခန့်ထားသော်လည်း ကြားကာလနစ်နာကြေး (သို့မဟုတ်) နို့တစ်ကြေး ရယူလိုကြောင်း တင်ပြထွက်ဆိုထားပါသည်။

၅။ အလုပ်ရှင်တို့၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်သဲစုအေး(HR Super) ထွက်ဆိုတင်ပြရာတွင် အလုပ်သမား ဒေါ်ဆောင်းသဇင်ပါ အလုပ်သမား(၁၁)ဦးကို နေ့စားဝန်ထမ်း အဖြစ် တစ်ရက် ၄၈၀၀ိ/-ကျပ်ဖြင့် နံနက်(၇:၃၀)နာရီမှ ည(၁၈:၀၀)နာရီအထိ (၉-၁၀-၂၀၂၃) ရက်နေ့တွင် နှစ်ဖက်သဘောတူညီစွာဖြင့် အလုပ်ခန့်ခဲ့ပါကြောင်း၊ (၁၆-၁၀-၂၀၂၃)ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စက်ရုံသို့ လာရောက်စစ်ဆေးခဲ့ပြီး ညွှန်ကြားချက်များပေးခဲ့ပါကြောင်း၊ ထိုညွှန်ကြားချက်များတွင် နေ့စားအလုပ်သမားများအား တစ်နေ့(၈)နာရီ၊ ရက်သတ္တပတ်(၄၄)နာရီထက်ပို၍ ခိုင်းစေခြင်းမပြုရန် ညွှန်ကြားချက်ပါရှိသဖြင့် နေ့စားဝန်ထမ်းများကို အလုပ်ဆင်းခဲ့သည့် အချိန်ပိုကြေး၊ ရက်သတ္တပတ်ပိတ်ရက်ခများပေးရန် ညွှန်ကြားခဲ့ပါကြောင်း၊ (၁၆-၁၀-၂၀၂၃)ရက်နေ့မှစ၍ နေ့စားများအား တစ်နေ့ လုပ်အားခ ၄၈၀၀ိ/- ကျပ်၊ အချိန်ပို တစ်နာရီ ၁၂၀ိ/-ကျပ် ရှင်းခဲ့ပါကြောင်း၊ (၁၉-၁၀-၂၀၂၃) ရက်နေ့တွင် Finishing-Packing ဌာနမှ Helper နေ့စားဝန်ထမ်းများ အလုပ်လုပ်ကိုင်ရန် အလုပ်မရှိ၍ (၂၀-၁၀-၂၀၂၃) ရက်နေ့မှစ၍ အလုပ်နားမည်ဖြစ်ကြောင်း၊ အော်ဒါရလျှင် ပြန်ခေါ် မည်ဖြစ်ကြောင်း စာရေးမမှတဆင့် ပြောခဲ့ပါကြောင်း၊ (၂၅-၁၀-၂၀၂၃) ရက်နေ့တွင် ဒေါ်ဆောင်းသဇင် ပါ (၁၁)ဦးအား အချိန်ပိုကြေးနှင့် ရက်သတ္တပတ်ကြေး ရှင်းခဲ့ပါကြောင်း၊ ဒေါ်ဆောင်းသဇင်ပါ (၂)ဦးအား အလုပ်ထုတ်ပစ်ခဲ့ခြင်း မဟုတ်ပါကြောင်း၊ အလုပ်ပါး၍ နားထားခြင်းဖြစ်ကြောင်း၊ စားဝတ်နေရေးအဆင်မပြေ၍ အလုပ်လိုချင်ကြောင်းပြောသဖြင့် အခြားဌာနတွင် လစားခန့်ပေးနိုင်၍ ပြန်လည်လျှောက်ထားရန် ပြောခဲ့ပါကြောင်း၊ ၎င်းတို့(၂)ဦးက နစ်နာကြေးပေးရန် တောင်းဆိုခဲ့ပါကြောင်း၊ အလုပ်ခန့်စဥ်က အလုပ်ပါးလျှင် အလုပ်နားမည် ကြိုတင်ပြောထား၍

Scanned with OKEN Scanner

နို့တစ်ကြေးမပေးနိုင်ပါကြောင်း၊ (၂-၁၁-၂၀၂၃)၊ (၃-၁၁-၂၀၂၃)၊ (၄-၁၁-၂၀၂၃) ရက်နေ့များတွင် ဖုန်းဖြင့် အလုပ်ပြန်လျှောက်ရန် ဆက်သွယ်ခဲ့သော်လည်း တဆင့်ခံဖုန်းများဖြစ်၍ ပြန်လည် ဆက်သွယ်မှုမရှိခဲ့ပါကြောင်း၊ နစ်နာကြေးမရပါက ကြားကာလပေးရန် ပြန်လည်တောင်းဆိုပါ ကြောင်း၊ အမှန်တကယ်အလုပ်မရှိ၍ ရပ်နားခြင်းဖြစ်၍ ကြားကာလနစ်နာကြေး မပေးနိုင်ပါ ကြောင်း တင်ပြထွက်ဆိုထားပါသည်။

သုံးသပ်ချက်

၆။ ဒေါ်ဆောင်းသဇင်ပါ(၁၁)ဦးတို့အား နေ့စားနေ့ရှင်း ၄၈၀၀/-ကျပ်ဖြင့် ခန့်ထားပြီး အလုပ်ရုံ နှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးသည့်အချိန် အချိန်ပိုကြေးမပေးကြောင်း တွေ့ရှိ၍ (၂၁-၁၀-၂၀၂၃)ရက်နေ့တွင် အချိန်ပိုကြေးနှင့် ရက်သတ္တပတ်အလုပ်ပိတ်ရက်ကြေးများ ပြန်လည်ပေးချေပြီးကြောင်း တွေ့ရှိရသည်။ ဒေါ်ဆောင်းသဇင်ပါ(၂)ဦးနှင့် အတူ အလုပ်နားသော အလုပ်သမား(၅)ဦးသည်လည်း Helper (လစား)အဖြစ် ပြန်လည်လျှောက်ထားပြီး အလုပ်ပြန်လည် လုပ်ကိုင်နေသဖြင့် ဒေါ်ဆောင်းသဇင်ပါ(၂)ဦးလည်း လစာအဖြစ် အလုပ်ပြန်လည် လုပ်ကိုင်သင့် ကြောင်း သုံးသပ်သည်။ သို့သော် ဒေါ်ဆောင်းသဇင်ပါ(၂)ဦးအပြင် စက်ရုံတွင် နေ့စားနေ့ရှင်း (၁၁)ဦးကို ၄၈၀၀/-ကျပ်နှုန်းဖြင့် ခန့်ထားလုပ်ကိုင်စေခဲ့ကြောင်း၊ အလုပ်မရှိက ပြန်နားရန် အလုပ် ရှိက လာလုပ်ရန်၊ (OT) ကြေးမရဟု ဒေါ်ကေသွယ်(HR)၊ ခေါင်းဆောင် ဒေါ်တင်တင်အေးတို့မှ ပြောပြီး သဘောတူလုပ်ကိုင်ခဲ့ကြကြောင်း၊ (၁၆-၁၀၂၀၂၃)ရက်နေ့တွင် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဝင်ရောက်စစ်ဆေးရာ အချိန်ပိုကိစ္စအတွက် ဥပဒေအတိုင်း ဆောင်ရွက်ရမည်ဖြစ်၍ (၁၈)နာရီစာ (OT)ကြေးကို ရှင်းပေးခဲ့ကြောင်း၊ ဒေါ်ဆောင်းသဇင်ပါ (၂)ဦးနှင့် အတူလုပ်ကိုင်သော နေ့စားနေ့ရှင်းများ အနက်(၅)ဦးခန့် အလုပ်ပြန်လျှောက်သဖြင့် Helper အဖြစ် ခန့်ထားခဲ့ကြောင်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးတွင် တောင်းဆိုစဉ်က အလုပ် ပြန်လည်ခန့်ထားပေးရန်၊ နို့တစ်ကြေးပေးရန် တောင်းဆိုခဲ့ကြောင်း တွေ့ရှိရပြီး ခုံသမာဓိအဖွဲ့မှ စစ်ဆေးသည့်အခါ ပြန်ခန့်ပါက ယခင်က(၁၀)ရက်စာတောင်းဆိုခြင်းအစား ယခု(၁)လကျော်စာ ကြားကာလနစ်နာကြေး ရယူလိုကြောင်း မရပါက မလုပ်တော့ကြောင်း တောင်းဆိုသည်ကို တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ်၊ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေအပိုဒ် ၂၅ (ခ) အရ ကြားကာလ

Scanned with OKEN Scanner

နစ်နာကြေးဆိုသည်မှာ ခုံသမာဓိအဖွဲ့ / ခုံအဖွဲ့က အလုပ်ပြန်လည်ခန့်အပ်စေရန် ဆုံးဖြတ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ သင့်လျော်သော ကြားကာလအတွက် နစ်နာကြေးပေးစေရန်ဟု ဖော်ပြထားပါသည်။ နို့တစ်ကြေး (၁)လစာ ပေးရန်မှာလည်း သင့်လျော်မှုမရှိချေ။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ညှိနှိုင်းပေးမှုကြောင့် အလုပ်ပြန်ခန့်ရေး သဘောတူခဲ့ကြသော်လည်း ကြားကာလနစ်နာကြေး (၁၀)ရက်စာရမှ လုပ်ကိုင်မည်ဆိုခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ဦးတည်မှုမရှိကြောင်း သုံးသပ်ရသည်။ (၂၀-၁၀-၂၀၂၃) ရက်နေ့ အမှုစတင်တိုင်ကြားသည့်နေ့မှ အမှုစစ်ဆေးသည့် (၄-၁၂-၂၀၂၃) ရက်နေ့အထိ ကြားကာလအတွက် ကြားကာလနစ်နာကြေး ပေးရမည်ဆိုပါကလည်း အလုပ်လုပ်ရက် (၁၀)ရက်သာ ရှိခဲ့မှုအပေါ် စဉ်းစားရမည့်အချက်ဖြစ်ကြောင်း၊ နေ့စားနေ့ရှင်း ဖြစ်စေ၊ လုပ်ငန်း လိုအပ်၍ ခေတ္တခဏရက်ပိုင်း လုပ်ကိုင်သည့်ဖြစ်စေ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှ အသိပေးမှုအပေါ် စာတမ်းအမှတ်အသား လက်မှတ်ရေးထိုး ပြုလုပ်ခဲ့ခြင်း မရှိခဲ့ကြကြောင်းကိုလည်း သုံးသပ်တွေ့ရှိရသည်။ ကြားကာလနစ်နာကြေးဆိုသည်မှာလည်း ပြန်လည်ဝင်ရောက်လုပ်ကိုင်မှသာ ခံစားခွင့်ပြုရသည့် ငွေကြေးဖြစ်သော်လည်း အလုပ်သမားများအနေဖြင့် ကြားကာလနစ်နာကြေး မရပါက ပြန်လည်မလုပ်လိုကြသဖြင့် ၎င်းတို့၏ စားဝတ်နေရေး အဆင်ပြေစေရန် အငြင်းပွားမှုဖြေရှင်းသည့်ကာလ ကုန်ကျစရိတ်အဖြစ် ငွေကြေးတစ်စုံတစ်ရာ ထုတ်ပေးသင့်ကြောင်း သုံးသပ်ရရှိပါသည်။

**ဆုံးဖြတ်ချက်။**

(က) အလုပ်သမားဒေါ်ဆောင်းသဇင်ပါ(၂)ဦးအား နို့တစ်ကြေး၊ ကြားကာလနစ်နာကြေးပေးရန်မလိုကြောင်း ဆုံးဖြတ်သည်။

(ခ) အလုပ်သမားဒေါ်ဆောင်းသဇင်ပါ(၂)ဦးအတွက် တစ်ဦးလျှင် ၅၀၀၀၀/- (ကျပ်ငါးသောင်း)စီ အလုပ်ရှင်က ထုတ်ပေးရန် ဆုံးဖြတ်သည်။

**ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

၆။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

Scanned with OKEN Scanner

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်

Scanned with OKEN Scanner